ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၁) ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၅ ရက်

မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ။ | ၂-၃ |
| ၂။ | ပြစ်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများ နှင့် အညီ ပြုစုပေးပို့ခဲ့သော အကူအညီ တောင်းခံစာများအပေါ် ပြန်ကြားချက် မရရှိခြင်းအား ဖြေရှင်း ဆောင်ရွက်နိုင်ရေးအတွက် စံပြု လုပ်ထုံးလုပ်နည်း ။ (Standard Operating Procedures–SOP) | ၄ |
| ၃။ | AI သည် Patents Act 1977အရ “Inventor(တီထွင်သူ)”ဖြစ်၊ မဖြစ် ဗြိတိန်နိုင်ငံတရားလွှတ်တော်ချုပ်မှဆုံးဖြတ်ခဲ့သည့်အမှု။ | ၅-၇ |
| ၄။ | အင်္ဂလန်နိုင်ငံက ဆေးခတ်ရောနှောခြင်းအား ဥပဒေတွင် ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိခြင်းနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၈-၉ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊ နည်းဥပဒေ နှင့် အမိန့်ကြော်ငြာစာများ အကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနကဝန်ဆောင်မှုများပေးနေသောမြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ရှေ့ဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကထုတ်ပြန်သည့် စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်များမှတ်ပုံတင်လျှောက်ထားခြင်းအတွက် လိုအပ်သော လျှောက်လွှာပုံစံများသတ်မှတ်ခြင်းအမိန့်ကြော်ငြာစာနှင့် ၂၀၂၄ ခုနှစ်အတွက် ပြည်ပမှမော်တော်ယာဉ် တင်သွင်းခြင်းတွင် ထုတ်လုပ်သည့် ခုနှစ်သတ်မှတ်သည့် အမိန့်ကြော်ငြာစာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော လမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် ပြည်ထောင်စုမှစီမံခန့်ခွဲသော လမ်းမကြီးအဖြစ် သတ်မှတ်ကြေညာခြင်း အမိန့်ကြော်ငြာစာ ၊ ပြည်ထောင်စုအစိုးရအဖွဲ့က ထုတ်ပြန်သည့် လုပ်ပိုင်ခွင့်အပ်နှင်းခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများလွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၁.၁၂.၂၀၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၈၀/၂၀၂၃)ဖြင့် ၂၀၂၄ ခုနှစ်အတွက် ပြည်ပမှမော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့် ခုနှစ်သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ကြော်ငြာခဲ့ပါသည်။ ယင်းအမိန့်ကြော်ငြာစာအရ လူစီးမော်တော်ယာဉ်များအတွက် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိလည်းကောင်း၊ လုပ်ငန်းသုံးယာဉ်များ (ကုန်တင်ယာဉ်/ခရီးသည်တင်ယာဉ်)အတွက်၂၀၂၀ ခုနှစ်မှ၂၀၂၄ခုနှစ်အထိလည်းကောင်း၊ မီးသတ်ယာဉ်/လူနာတင်ယာဉ်များအတွက် ၂၀၁၅ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိလည်းကောင်း ထုတ်လုပ်သည့်လက်ဝဲစတီယာရင်ယာဉ်များသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း၊ ယန္တရားများအတွက် ၂၀၁၅ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိသာ ထုတ်လုပ်သည့် ယန္တရားများကိုသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သတ်မှတ်ထားပါသည်။

ယခုအမိန့်ကြော်ငြာစာထုတ်ပြန်ချက်သည် လုပ်ထုံးလုပ်နည်းအရ ပြက္ခဒိန်နှစ်အလိုက်နှစ်စဉ် တင်သွင်းခွင့်ပြုသည့် မော်တော်ယာဉ်ထုတ်လုပ်ခုနှစ် သတ်မှတ်ချက်အား ပုံမှန်ထုတ်ပြန်ခြင်းသာဖြစ်ကြောင်း၊ မော်တော်ယာဉ်တင်သွင်းမှုနှင့်ပတ်သက်၍ လက်ရှိချမှတ်ဆောင်ရွက်နေသည့်မူဝါဒများ ပြောင်းလဲခြင်းမပြုဘဲ ဆက်လက်ကျင့်သုံးလျက်ရှိပါကြောင်း သိရှိရပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

## ပြစ်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြုစုပေးပို့ခဲ့သော အကူအညီတောင်းခံစာများအပေါ် ပြန်ကြားချက်မရရှိခြင်းအား ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် စံပြုလုပ်ထုံးလုပ်နည်း (Standard Operating Procedures–SOP)

ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့သည် ပြစ်မှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကူအညီတောင်းခံစာများအပေါ် ပြည်ပနိုင်ငံများမှ ပြန်ကြားချက် မရရှိခြင်းအား ဖြေရှင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လိုက်နာဆောင်ရွက်နိုင်ရန် ညွှန်ကြားချက်အမှတ် ၁/၂၀၂၃ ဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့က စံပြုလုပ်ထုံးလုပ်နည်း (Standard Operating Procedures–SOP) ကို ထုတ်ပြန်ခြင်း ဖြစ်ပါသည်။

အဆိုပါ စံပြုလုပ်ထုံးလုပ်နည်း (Standard Operating Procedures–SOP) တွင် ပြည်ပနိုင်ငံသို့ ထပ်မံအကူညီတောင်းခံလိုသည့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသည် ပြည်တွင်းလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရန် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့ထံမှ ခွင့်ပြုချက်ရယူခြင်း၊ ခွင့်ပြုချက်ရရှိပါက အကူအညီတောင်းခံစာအား အကူအညီတောင်းခြင်းခံရမည့်နိုင်ငံ၏ ဥပဒေနှင့်အညီ သတ်မှတ်ပုံစံအတိုင်းပြုစုခြင်း၊ အမှုနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများ၊ အချက်အလက်များကို အင်္ဂလိပ်ဘာသာပြန်ဆိုပေးခြင်း၊ အကူအညီတောင်းခံစာနှင့်စပ်လျဉ်း၍ ဥပဒေရေးရာဝန်ကြီးဌာန၏အကြံပြုချက်ရယူပြီး အကြံပြုချက်နှင့်အညီပြင်ဆင်ပြီးပါက အကူအညီတောင်းခြင်းခံရမည့်နိုင်ငံသို့ ထပ်မံ ပေးပို့နိုင်ရေး ဗဟိုအာဏာပိုင်အဖွဲ့သို့တင်ပြခြင်းနှင့်ဗဟိုအာဏာပိုင်အဖွဲ့က ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းစဉ်များ ဖော်ပြထားသည်ကို သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

https://www.myanmarmoha.org

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၁) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်

## AI သည် ဗြိတိန်နိုင်ငံ၏ တီထွင်မှုမူပိုင်ခွင့်အက်ဥပဒေ (၁၉၇၇)(Patents Act 1977) အရ “Inventor(တီထွင်သူ)” ဖြစ်၊ မဖြစ် ဗြိတိန်နိုင်ငံတရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့သည့်အမှု

ဗြိတိန်နိုင်ငံတရားလွှတ်တော်ချုပ်က AI နည်းပညာဆိုင်ရာမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ Thaler v Comptroller– General of Patents, Design and Trade Marks(2023) အမှုတွင် “Inventor(တီထွင်သူ)” ဆိုသည့် စကားရပ်သည် တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ ၁၉၇၇(Patents Act 1977) အရ“လူပုဂ္ဂိုလ်(natural person)”ဖြစ်ရမည်ဖြစ်ကြောင်း၊ Artificial Intelligence (AI) များ မပါဝင်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

အမှုမှာ ၂၀၁၈ ခုနှစ်တွင် လျှောက်ထားသူ Dr. Stephen Thaler က AI နည်းပညာဖြင့် ဖန်တီးထားသော အလိုအလျောက်ဆောင်ရွက်မှုပေးနိုင်သည့် DABUS ဟုခေါ်တွင်သော စက်ပစ္စည်းတစ်မျိုးအား “Inventor(တီထွင်သူ)” အဖြစ် သတ်မှတ်ပေးရန်နှင့် အဆိုပါ DABUS ကို ၎င်းမှပိုင်ဆိုင်သဖြင့် DABUS နှင့်စပ်လျဉ်း၍ Patents အခွင့်အရေးများခန့်အပ်ပေးရန်စသည့် Patents အဆိုပြုလွှာ (၂) စောင်တင်သွင်းခဲ့ပါသည်။ သို့ရာတွင် Comptroller– General of Patents က Patents အခွင့်အရေးများပေးအပ်ရန်အတွက် ငြင်းပယ်ခဲ့သဖြင့် လျှောက်ထားသူက တရားလွှတ်တော်နှင့် အယူခံတရားရုံးတို့ထံ ထပ်မံလျှောက်ထားခဲ့သော်လည်း အမှုအား ပလပ်ခဲ့ကြပါသည်။

အယူခံတရားရုံးက အဆိုပါအမှုတွင် လျှောက်ထားမှုနှင့်စပ်လျဉ်း၍ AI သည် Patents Act 1977 အရ “Inventor(တီထွင်သူ)” ဖြစ်၊မဖြစ်နှင့် လျှောက်ထားသူသည် DABUS ၏ ပိုင်ရှင်ဖြစ်သဖြင့် Patents အခွင့်အရေးများရရှိခွင့် ရှိ၊ မရှိ စသည့် ငြင်းချက် ၂ ရပ်ထုတ်ခဲ့ပါသည်။

ပထမငြင်းချက်နှင့်စပ်လျဉ်း၍ “Inventor(တီထွင်သူ)”ဟုဆိုရာတွင်တီထွင်မှုဆိုင်ရာအယူအဆတစ်ရပ်ကိုတီထွင်ခဲ့သည့်လူပုဂ္ဂိုလ်(natural person) ဖြစ်ရမည်ဖြစ်သဖြင့် AI နှင့် စက်ပစ္စည်းများသည် အဆိုပါအဓိပ္ပါယ်အတွင်းမကျရောက်ကြောင်း၊ ပါလီမန်က ဥပဒေမူကြမ်းရေးဆွဲချိန်တွင် စက်ပစ္စည်းများသည် တီထွင်သူများကဲ့သို့ ပြုလုပ်ဆောင်ရွက်နိုင်လိမ့်မည်ကို မျှော်မှန်းခဲ့ကြခြင်း မဟုတ်ကြောင်းဖြင့် ဆုံးဖြတ်ခဲ့ပါသည်။

ဒုတိယငြင်းချက်နှင့်စပ်လျဉ်း၍ လျှောက်ထားသူက DABUSပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ doctrine of accession ဖြစ်ကြောင်း တင်ပြခဲ့သော်လည်း တရားရုံးအနေဖြင့် DABUS ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ Patents အခွင့်အရေးများပေးရန် ဟူသောအချက်သည် အကြောင်းခြင်းရာပြဿနာ de facto

ဖြစ်ပြီး doctrine of accession ကိုတင်ပြ၍ မရနိုင်ကြောင်း၊ DABUS သည် Inventor (တီထွင်သူ) မဟုတ်သည့်အပြင် တီထွင်မှုတစ်ခုသည် အဆိုပါစက်ပစ္စည်းပိုင်ဆိုင်သူသို့ တီထွင်မှုနှင့်စပ်လျဉ်းသည့် သက်ရောက်မှုရှိနိုင်မည် မဟုတ်ကြောင်းဖြင့် ဆုံးဖြတ်၍ အမှုအား ပလပ်ခဲ့ပါသည်။

တရားလွှတ်တော်ချုပ်က "Inventor(တီထွင်သူ)" ဆိုသည့် စကားရပ်နှင့်စပ်လျဉ်း၍ Patents Act 1977 အရ "လူပုဂ္ဂိုလ်(natural person)"ဖြစ်ရမည်ဖြစ်ကြောင်း၊ Artificial Intelligence (AI) များ မပါဝင်ကြောင်း ဆုံးဖြတ်၍ အဆိုပါအမှုအား Artificial Intelligence (AI)နှင့် စပ်လျဉ်းသည့် အထင်ကရ အမှုအဖြစ် သတ်မှတ်ခဲ့ပါသည်။

အဆိုပါအမှု၏ဆုံးဖြတ်ချက်သည် EU နိုင်ငံများ၏ AI နည်းပညာဆိုင်ရာ စည်းမျဉ်းများ ချမှတ်ရန်ဖြစ်ပေါ်လာခဲ့ပြီး UK နိုင်ငံတွင် နိုဝင်ဘာလအတွင်း၌ ကမ္ဘာ့ပထမဆုံးသော AI လုံခြုံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးအား ကျင်းပခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ အစောပိုင်းတွင် ကမ္ဘာ့ပထမဦးဆုံးသော AI နည်းပညာဆိုင်ရာစည်းမျဉ်းဖြစ်သည့် AI Act အတွက် ပဏာမသဘောတူညီချက်တစ်ရပ်ချမှတ်ခဲ့ကြောင်း၊ ယင်းဥပဒေပြဋ္ဌာန်းချက်များသည် ယုံကြည်စိတ်ချရသော AI နည်းပညာအတွက် မူဘောင်တစ်ရပ်အနေဖြင့် အဆိုပြုနိုင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မှုကို ဖော်ဆောင်နိုင်ရန်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဗြိတိန်နိုင်ငံက ၁၉၇၇ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သည့် တီထွင်မှုမူပိုင်ခွင့်အက်ဥပဒေ ပုဒ်မ ၁ (၁)တွင် တီထွင်မှုတွင်ထူးခြားဆန်းသစ်ခြင်း၊ inventive step များပါဝင်ခြင်း၊ စက်မှုလုပ်ငန်းသုံးလျှောက်ထားနိုင်ခြင်းတို့နှင့် ပြည့်စုံမှသာ တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုနိုင်ကြောင်း၊ ယင်းအက်ဥပဒေ ပုဒ်မ ၇ (၃) အရ တီထွင်မှုတစ်ခုနှင့်စပ်လျဉ်း၍ တီထွင်သူဆိုသည်မှာ "actual deviser" တီထွင်မှုတစ်ခုကို အမှန်တကယ်တီထွင်ဖန်တီးသူနှင့် ပူးတွဲဖန်တီးသူကို ဆိုလိုကြောင်း ပြဋ္ဌာန်းထားပါသည်။

မြန်မာနိုင်ငံတွင်တီထွင်မှုမူပိုင်ခွင့်ဥပဒေကို ၂၀၁၉ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ဖြင့် ၁၁-၃-၂၀၁၉ ရက်နေ့တွင် ပြဋ္ဌာန်းထားသော်လည်း ဤဥပဒေပုဒ်မ၁(ခ)အရ "နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်" ဟု ပြဋ္ဌာန်းထားသဖြင့် ယနေ့အချိန်ထိ အာဏာသက်ရောက်မှု မရှိသေးကြောင်း တွေ့ရှိရပါသည်။ ယင်း တီထွင်မှုမူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ဃ) အရ တီထွင်သူ ဆိုသည်မှာ တီထွင်မှုတစ်ခုခုကိုပြုလုပ်သည့်ပုဂ္ဂိုလ်ကိုဆိုသည်ဟု ပြဋ္ဌာန်းထားရာ မြန်မာနိုင်ငံ၏ဥပဒေအရလည်း တီထွင်သူဟုဆိုရာတွင် လူပုဂ္ဂိုလ်သာ

အကျုံးဝင်မည်ဖြစ်ပြီး AI နည်းပညာအသုံးပြုမှုနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းချက် မရှိသေးကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကျမ်းကိုးစာရင်း**

http://www.jurist.org/news/2023/12/uk-supreme-court-rules-that-ai-cannot-be-an-inventor-under-the-patents-act-1977/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၁) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်

## အင်္ဂလန်နိုင်ငံက ဆေးခတ်ရောနှောခြင်းအား ဥပဒေတွင် ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိခြင်း နှင့်စပ်လျဉ်း၍ သိကောင်းစရာ

အင်္ဂလန်နိုင်ငံက ယူကေအစိုးရ၏အစီအစဉ်အောက်တွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား အကြမ်းဖက်မှုနှင့် အလွဲသုံးစားပြုလုပ်မှုတို့မှ ကာကွယ်ရန် ဆေးခတ်ရောနှောခြင်းအား အင်္ဂလိပ်ဥပဒေတွင် ရှင်းရှင်းလင်းလင်း ဖော်ပြသွားမည်ဖြစ်ကြောင်း၊ ရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာဥပဒေမူကြမ်းတွင် ဆေးခတ်ရောနှောခြင်းသည် တရားမဝင်ကြောင်းအား သံသယကင်းရှင်းစေရန်ဆေးခတ်ရောနှောခြင်း၏ရှင်းလင်းပြတ်သားသော အဓိပ္ပါယ်ဖွင့်ဆိုချက်အား သီးခြားလမ်းညွှန်ချက်ဖြင့်ဖော်ပြသွားမည်ဖြစ်ကြောင်း ဝန်ကြီးများက ပြောကြားခဲ့သည်။

Rape Crisis England & Wales ကတစ်စုံတစ်ဦးသည်၎င်းတို့၏ အသိဉာဏ်မပါဘဲ သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ အရက် သို့မဟုတ် မူးယစ်ဆေးကို အခြားသူ၏အရက် သို့မဟုတ် ခန္ဓာကိုယ်ထဲသို့ ထည့်သည့်ကိစ္စများသည်မုဒိမ်းကျင့်ရန် သို့မဟုတ် လိင်ပိုင်းဆိုင်ရာစော်ကားရန်ပိုမိုလွယ်ကူနိုင်စေရန်" ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ဥပဒေပြုရေးအပြောင်းအလဲနှင့်အတူ အစိုးရကကိုယ်တိုင် စမ်းသပ်စစ်ဆေးသည့်ကိရိယာများအကြောင်းသုတေသနပြုခြင်း၊ ဝန်ထမ်းများကို လေ့ကျင့်ပေးခြင်းများနှင့် ဆေးခတ်ရောနှောခြင်းအန္တရာယ်ကိုသတိပြုမိစေရန် လူငယ်များအတွက် ပိုမိုကောင်းမွန်သည့်ပညာပေးမှုများကို ကြေငြာခဲ့သည်။ ယခုနှစ်၏ အဓိကရက်သတ္တပတ်များအတွင်း ဆေးခတ်ရောနှောခြင်းအား နှိမ်နင်းရန် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ထဲရေးအတွင်းဝန် James Cleverly က "အမျိုးသမီးနဲ့ မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုကို ကိုင်တွယ်ဖြေရှင်းတာဟာ ၎င်းအတွက် ပုဂ္ဂိုလ်ရေးဦးစားပေးကိစ္စဖြစ်ပြီး ပြည်သူများကို ဘေးကင်းစေဖို့ လိုအပ်သည်များကို လုပ်ဆောင်မည်"ဟု အစိုးရအနေဖြင့် အကြိမ်ကြိမ် ပြောကြားခဲ့ကြောင်း၊ ၎င်းတို့၏ ပြီးပြည့်စုံသော အစီအမံအသစ်များသည်အရက်ဆိုင်များ၊ စားသောက်ဆိုင်များ၊ အရက်ဆိုင်များနှင့် အခြားနေရာများတွင် ရဲများနှင့် ဝန်ထမ်းများကို ကူညီရန် ဒီဇိုင်းထုတ်ထားပြီး အန္တရာယ်ကျရောက်နိုင်ခြေများကို ကာကွယ်ပေးထားကာ တရားမျှတမှုကို ပိုမိုရရှိစေနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ပြစ်မှု

ကျူးလွန်မှုကို ရှင်းရှင်းလင်းလင်း ဖြစ်စေရန်နှင့် မျက်မှောက်ခေတ်၏ ခြိမ်းခြောက်လာနိုင်မှု သဘောသဘာဝကို လွှမ်းခြုံနိုင်စေရန် ဥပဒေအားပြင်ဆင်နေကြောင်း၊ ရဲတပ်ဖွဲ့ဝင်များက အဖြစ်အပျက်တွေကို အရေးယူဆောင်ရွက်ရာတွင် အားကောင်းလာစေရန် ဝန်ထမ်းများအား ကောင်းမွန်သည့် ပစ္စည်းကိရိယာများ စီစဉ်ပေးထားခြင်းဖြင့် ပြစ်မှုကျူးလွန်သူများကို အတည်ပြုဖော်ထုတ်ရာ၌ အထောက်အကူဖြစ်စေပြီး တရားမျှတမှုကို ပိုမို ရရှိစေနိုင်မည် ဖြစ်ကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www.irishlegal.com/articles/england-spiking-to-be-defined-in-law

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

